# အမှာစာ

ရတနာသုံးပါးဦးထိပ်ထားလျက် မွေးမိခင်၊ ဖခင် ကျေးဇူးရှင်တို့နှင့်တကွ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့အား ဤစာအုပ်ဖြင့် ရိုသေမြတ်နိုးလက်စုံမိုး၍ ဦးညွှတ်ပါကြောင်း ဦးစွာတင်ပြပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး(ပြည်နယ်/တိုင်း ၁၄ ခု)တွင် ရှေးအစဉ်အဆက် လှူဒါန်းတည်ထားကိုးကွယ်ခဲ့ကြသောဘုရား၊ စေတီ၊ ပုထိုးတို့မှာ မရေမတွက်နိုင်လောက်အောင် များပြားလှပါသည်။ ထိုသို့များပြားလှသည့် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် သွန်းလုပ်တည်ထားသည့်ဘုရား၊ စေတီပုထိုးများ၊ ဗုဒ္ဓမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဓာတ်တော်အရတည်ထားခဲ့သော ဘုရားစေတီ ပုထိုးများ၊ ဗုဒ္ဓမြတ်စွာ၏ မွေတော်၊ ဓာတ်တော်များကို ဌာပနာ၍တည်ထားခဲ့သောဘုရား၊ စေတီ၊ ပုထိုးများစွာ ရှိခဲ့ရာ ခေတ်အဆက်ဆက်ပြုပြင်ထိန်းသိမ်းခဲ့ကြခြင်းကြောင့် ယနေ့တိုင် ဖူးတွေ့နေကြရလျက်ရှိပါသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ထိုထိုသောများပြားလှသည့် ဘုရားစေတီပုထိုးများကို စေ့စုံအောင်ဖူးမြော်နိုင်ကြမည်မဟုတ်ပါ။ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဖော်ပြနေသော ဘုရား၊ စေတီ ပုထိုးများကိုသာ ဖတ်ရှုဖူးမြော်ကြည်ညိုသဒ္ဓါပွားနေကြရမည်ဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပခုက္ကူ၊ ပုဂံ-ညောင်ဦး၊ မြောက်ဦး၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တောင်ကြီးနှင့်မွန်ပြည်နယ်ရှိ ဘုရားစေတီပုထိုးများကို ဖူးမြော်ခဲ့ဘူးပါသည်။ သို့သော် ပြည့်စုံနိုင်လှသည်တော့ မဟုတ်ပါ။ ကျွန်တော်ဖူး မြော်ကြည်ညိုဝီတိ ဖြစ်ခဲ့ရသည့်နည်းတူပါရမီရှင်အပေါင်းတို့ကိုလည်း ကြည်ညိုသဒ္ဓါပွားများစေလိုပါသည်။ သို့ပါ၍ ကျွန်တော်ဖူးမြော်ခဲ့ဘူးသည့် ဘုရား စေတီ ပုထိုးများ၏ သမိုင်းများကို မြန်မာ့အလင်းသတင်းစာ တိုက်၏ အပတ်စဉ်ထုတ် ရွှေမောင်းသံဂျာနယ်တွင် အခန်းဆက်များအဖြစ် ရေးသားတင်ပြခဲ့သည့်အပြင် နယူးလိုက်အော့ဗ် မြန်မာသတင်းစာတိုက်၏အပတ်စဉ်ထုတ် Junior Leader တွင်လည်းသမိုင်းအကျဉ်းများကို အပတ်စဉ်ဖော်ပြခဲ့ပါသည်။ Junior Leader တွင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖော်ပြလျက် ရှိရာတွင်၊ စာတည်းမှူးချုပ် (ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အကြံပေး အရာရှိဆရာဦးစိုးမြင့်က အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရေးသားပေးခဲ့ပါသည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့ထုတ် Junior Leader အတွဲ ၁ အမှတ် ၁၄ မှစပြီးဖော်ပြခဲ့ရာ၊ ယနေ့အထိပြည်နယ်/တိုင်း ၁၄ခုမှ ဘုရား စေတီ ပုထိုးပေါင်း(၁၆၀) ဆူကို ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ Junior Leader တွင် အပတ်စဉ်ဖော်ပြခဲ့ပြီးသော ဘုရား၊ စေတီ ပုထိုးပေါင်း (၁၆၀)ဆူကို စုပေါင်း၍ ပထမတွဲ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင် ဖော်ပြပါရှိသောဘုရား၊ စေတီ ပုထိုးများအနက် ကျွန်တော်ကိုယ်တိုင် ဖူးမြော်ဘူးခြင်းမရှိသေးသည့် ဘုရား၊ စေတီ ပုထိုးများလည်းပါရှိပါသည်။ မိတ်ဆွေအပေါင်းအသင်းများက ဘုရားသမိုင်း၊ မှတ်တမ်းစာ အုပ်စာတမ်းများကူညီပေးပို့ခဲ့သဖြင့် ကိုးကားရေးသားခဲ့ရခြင်းဖြစ်ပါသည်။

ယခုပထမတွဲ စာအုပ်တွင်ကချင်ပြည်နယ်မှ (၃)ဆူ၊ ကရင်ပြည်နယ်မှ (၁)ဆူ၊ ကယားပြည်နယ်မှ (၁)ဆူ၊ ချင်းပြည်နယ်မှ(၁)ဆူ၊ စစ်ကိုင်းတိုင်းမှ (၁၉)ဆူ၊ တနင်္သာရီတိုင်းမှ (၄)ဆူ၊ ပဲခူးတိုင်းမှ (၂)ဆူ၊ မွန်ပြည်နယ်မှ (၁၈)ဆူ၊ မကွေးတိုင်းမှ (၁၀)ဆူ၊ မန္တလေးတိုင်းမှ (၂၃)ဆူ၊ မန္တလေးတိုင်း၊ ပုဂံ-ညောင်ဦးမှ (၃၉)ဆူ၊ ရှမ်းပြည်နယ်မှ (၈)ဆူ၊ ရန်ကုန်တိုင်းမှ(၂)ဆူ၊ ရခိုင်ပြည်နယ်မှ (၂၂)ဆူနှင့် ဧရာဝတီတိုင်းမှ (၁၁)ဆူတို့ကို ဖော်ပြထားရှိပါသည်။

စာအုပ်ပါဘုရားစေတီ၊ ပုထိုးများ၏ ဓာတ်ပုံဓါတ်ပုံနှင့်တကွ စာအုပ်စာတမ်းများပေးပို့ကူညီကြသည့် အပေါင်းအသင်းမိတ်ဆွေတို့နှင့်တကွ ကျေးဇူးတင်ထိုက်သူမှန်သမျှတို့ကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက် ကြိုးစားရှာဖွေ စုဆောင်း တင်ပြသွားပါမည်ဖြစ်ကြောင်း၊ တင်ပြအပ်ပါသည်။

မြတ်မင်းလှိုင်